နအဖအာဏာပိုင်ကဲ့သို့ DKBA လည်း ဘော်လုံးပွဲအတွက် ငွေကောက်ယူ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇူလိုင် ၁၅ ရက်၊ ၂၀၀၃ ခုနှစ်။

ယခု ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် အခြေစိုက်သော **Democratic Karen Buddhist Army (DKBA)** တပ်ရင်းသည် မိမိတို့ပြုလုပ်ကျင်းပသည့် ဘော်လုံးပွဲအတွက် မြို့နယ်အတွင်းရှိ ဒေသခံရွာသူရွာသားများထံတွင် ငွေကောက်ယူနေခဲ့ပါသည်။

အိန္ဒူကျေးရွာနှင့် ဘားအံမြို့အကြားရှိ နန်ကုန်းတွင် အခြေစိုက်သော **DKBA** တပ်ရင်း ၉၉၉ သည် ပြီးခဲ့သည့် ဇူလိုင်လပထမအပတ်ကတည်းက စတင်ကစားနေပြီးဖြစ်သော ဘော်လုံးပွဲအတွက် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၅၂) ရွာမှ ဘော်လုံးပွဲကျင်းပတိုင်း ငွေကောက်ယူမြဲဖြစ်သည့် နအဖစစ်အာဏာပိုင်ကဲ့သို့ ငွေကောက်ယူနေခဲ့ပါသည်။

DKBA မှ တစ်အိမ်လျှင် ငွေ (၃၀၀) ကျပ် ကောက်ယူနေခဲ့ကြောင်း၊ ယခုဘော်လုံးပွဲအတွက် **DKBA** အနေဖြင့် ပထမအကြိမ် ကောက်ယူနေခဲ့ကြောင်း ဘားအံမြို့နယ် ရွာသားများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

DKBA ဦးဆောင်ကျင်းပသည့် ဘောလုံးပွဲကို မည့်သည့်အသင်းမဆို ပါဝင်ယှဉ်ပြိုင်ကစားလျှင် ငွေငါးသောင်းကျပ် ပေးဆောင်ရပြီး အကယ်၍ ဗိုင်ရသည့်အသင်းကို ကျပ်ငွေ အနည်းဆုံး သိန်း (၂၀) ပေးမည် ဖြစ်သည်ဟု **DKBA** တို့က သတင်းထုတ်ထားကြောင်း ရွာသားများက ပြောနေကြပါသည်။

DKBA သည် ဤဒေသအတွက် နအဖစစ်အာဏာပိုင်ကဲ့သို့ မြို့နယ်ဘော်လုံးပွဲကို ဦးဆောင်လုပ်ပေးပြီး တခြားမြို့နယ်များတွင် ဘော်လုံးပွဲ ကျင်းပသော နအဖစစ်အာဏာပိုင်ကဲ့သို့ ဒေသခံရွာသားများထံ ငွေကောက်ယူနေခဲ့ပါသည်။

နအဖစစ်အာဏာပိုင်တို့သည် နှစ်စဉ်နှစ်တိုင်း မိမိတို့ပြုလုပ်သည့် မယကဘော်လုံးပွဲ ခေါ် မြို့နယ်ဗိုင်ဘော်လုံးပွဲအတွက် ဒေသခံကျေးရွာများထံတွင် ငွေအတင်းကောက်ယူနေခဲ့ပါသည်။

ထို့အတူ ယခုနှစ် မယကဗိုင်အတွက် ကစားနေဆဲဖြစ်သော ထိုင်းမြန်မာနယ်စပ်ရှိ ဘုရားသုံးဆူမြို့ ဘော်လုံးပွဲအတွက်ကိုလည်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအမိန့်ဖြင့် ရယကအဖွဲ့ဝင်တို့က ရပ်ကွက်သူရပ်ကွက်သားများထံ ငွေအတင်းအဓမ္မ ကောက်ယူခဲ့ပါသည်။